W Y A N D O T T E စုပေါင်းအစိုးရအဖွဲ့ / K A N S A S ၊K A N S A S မြို့တော်

# မြေဆီလွှာအတွင်း ပါဝင်သော ခဲဓာတ်

## မြေဆီလွှာအတွင်း အဘယ်ကြောင့် ခဲဓာတ်ပါဝင်ရသနည်း။



- ဆေးသုတ်ထားသော အဆောက်အဦး အဟောင်းများမှ ခဲဓာတ်ပါသည့် အိမ်သုတ်ဆေးများ အချပ်လိုက် ကွာကျခြင်း။
- ခဲဓာတ်ပါသည့် ဓာတ်ဆီကို အသုံးပြုသည့်အခါ ခဲလွှာတက်လာသည့် ကားအိပ်ဇော။
- စက်မှုလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များ - ခဲ ဘက်ထရီများ သို့မဟုတ် ကြေးပြားများကို ထုတ်လုပ်သည့် စက်ရုံများ
- ခဲပမာဏ အနည်းငယ်သည် သဘာဝအတိုင်း ပေါ်ပေါက်လာနိုင်ပါသည်

## ကျွန်ုပ်တို့၏ မြေဆီလွှာအတွင်း ခဲဓာတ်ပါဝင်နေသည်ကို ဘယ်လိုသိရှိနိုင်မလဲ။



- ခဲဓာတ်ပါဝင်နေခြင်းရှိမရှိကို သိရှိနိုင်ရန် မြေဆီလွှာ စစ်ဆေးမှုကို ပြုလုပ်နိုင်ပါသည်။
- လက်မှတ်ရ ဓာတ်ခွဲခန်းများတွင် မြေဆီလွှာ စစ်ဆေးမှုကို ပြုလုပ်နိုင်သည်။
- ခဲဓာတ်ပါဝင်မှုပမာဏကို စစ်ဆေးရန်အတွက် မြေဆီ နမူနာများစွာကို ရယူရန် လိုအပ်ပါသည်။

## မြေဆီလွှာ စစ်ဆေးမှု၏ အဖြေများကို ကြည့်၍ မည်သည်ကို သိရှိနိုင်ပါသနည်း။

| မြေဆီလွှာအတွင်း ခဲဓာတ်ပါဝင်မှုအဆင့် | ခဲဓာတ် ပါဝင်မှု အဆင့် မီလီဂရမ်/ကီလိုဂရမ် သို့မဟုတ် ppm (တစ်သန်းတွင် ပါဝင်သည့် အစိတ်အပိုင်း) |
|---|---|
| 150 အောက် | ခဲဓာတ် လုံးဝ မရှိ - အလွန်နည်းပါးသည် |
| 150 မှ 400 အတွင်း | နည်းပါးသည် |
| 400 မှ 1,000 အတွင်း | အသင့်အတင့်ရှိ |
| 1,000 မှ 2,000 အတွင်း | မြင့်မားသည် |
| 2,000 နှင့် အထက် | အလွန်မြင့်မားသည် |

- မြေဆီလွှာအတွင်း ခဲဓာတ်ပါဝင်မှု အသင့်အတင့် (သို့မဟုတ်) မြင့်မားစွာ ရှိနေပါက သင့်အနေဖြင့် အဆိုပါ နယ်မြေအတွင်း သွားလာထိတွေ့မှုကို တားမြစ်ပိတ်ပင်ရန်  ဆောင်ရွက်သင့်သည်။

W Y A N D O T T E စုပေါင်းအစိုးရအဖွဲ့ ကောင်တီ/ K A N S A S၊  K A N S A S မြို့တော်

ခဲဆိပ်သင့်မှု ကာကွယ်ရေး အစီအစဉ်
ပြည်သူ့ကျန်းမာရေး ဦးစီးဌာန 619
Ann Avenue
KS ၊Kansas မြို့တော် 66101

ဖုန်းနံပါတ်- (913) 573-5848

မြေဆီလွှာအတွင်း ပါဝင်သော ခဲဓာတ်

# ကျွန်ုပ်တို့ ကလေးငယ်များအား မြေဆီလွှာတွင် ပါဝင်သော ခဲဆိပ်မသင့်စေရန် မည်သို့ ကာကွယ်နိုင်သနည်း။



- ကလေးများအား ဟောင်းနွမ်းနေသော အိမ်ယာများ သို့မဟုတ် အဆောက်အဦများသို့ မသွားစေရ။
- အိမ်၊ ခြံ ပတ်လည်နှင့် ပြောင်ရှင်းနေသည့် မြေဆီလွှာပေါ်တွင်  မြက်ပင်၊ ခြုံပင်များကို စိုက်ပျိုးပါ။
- ပြောင်ရှင်းနေသည့် မြေဆီလွှာပေါ်တွင် မြက်ပင် မျိုးပင်များ၊ ကောက်ရိုး/သစ်ရွက်စိုများ သို့မဟုတ် သစ်သားစများကို ဖြန့်ခင်းထားပါ။
- ဒန်းများနှင့် လျှောများ၏ အောက်ရှိ အညစ်အကြေးများကို ဖုံးရန်အတွက် ဖျာများ သို့မဟုတ် သစ်သားစများကို ဖြန့်ခင်းထားပါ။
- သဲပုံး အသစ်ကို ပြုလုပ်၍ သန့်ရှင်းသော သဲအသစ်များဖြည့်ပါ။ ကလေးများအား အညစ်အကြေးများနှင့် ကစားခြင်းမပြုစေပဲ သဲပုံးအတွင်းဝင်၍ ကစားစေပါ။ အဆိုပါ သဲပုံးကို ဖုံးထား၍ အမြဲသန့်ရှင်းအောင်ထားပါ။
- ပြင်ပမှ ဖုန်မှုန့်အညစ်အကြေးများ သင်တို့၏ အိမ်အတွင်းသို့ ဝင်မလာစေရန်အတွက် ပြင်ပတွင် ခြေသုတ်ဝတ်ထား၍ ဖိနပ်များ ချွတ်ခဲ့ပါ။
- ခဲဓာတ်ပါဝင်မှု လျော့နည်းလာစေရန် မြေဆီလွှာကို တူးဆွ၍ မြေကြီး အစိုင်အခဲများကို ပြောင်းပြန်လှန်ပေးပါ။  ထို့နောက် မြက်ပင်နှင့် ချုံငယ်ပင်များ စိုက်ပျိုးပါ။
- ပြင်ပတွင် ကစားပြီးနောက်၊ အထူးအားဖြင့် အစာစားခြင်း သို့မဟုတ် စားသောက်ခြင်း မပြုမီတွင် သင့် ကလေးများ၏ လက်၊ မျက်နှာများကို ဆေးကြောပါ။





## ကျွန်ုပ်၏ ဥယျာဉ်အတွင်း မည်သို့ လုပ်ဆောင်သင့်သနည်း။

- သင့် ဥယျာဉ်ကို အဆောက်အအုံဟောင်းများ၊ လမ်းများနှင့် ကွာဝေးသော နေရာတွင် ထားရှိပါ။
- မြေဆီလွှာအတွင်း အက်ဆစ်ဓာတ် လျော့နည်းစေရန် ထုံးဖြူးပါ။
- ဟင်းသီးဟင်းရွက်များအား မစားသုံးမီ ဆေးကြောပါ သို့မဟုတ် အခွံခွာပါ၊ သို့မဟုတ် မြေဆီလွှာအသစ်ထည့်ထားသော အိုးတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပါ။

W Y A N D O T T E စုပေါင်းအစိုးရအဖွဲ့
ကောင်တီ/ K A N S A S၊ K A N S A S မြို့တော်

ခဲဆိပ်သင့်မှု ကာကွယ်ရေး အစီအစဉ်
ပြည်သူ့ကျန်းမာရေး ဦးစီးဌာန 619 Ann Avenue
KS ၊Kansas မြို့တော် 66101

ဖုန်းနံပါတ်- (913) 573-5848